Australian Government

Inspector-General of Taxation

Taxation Ombudsman

အခွန်နှင့်ပတ်သက်၍ တိုင်ကြားချက်များရှိပါသလား။

Burmese

ကျွန်ုပ်တို့က မည်သူတွေလဲ

စစ်ဆေးရေး အရာရှိချုပ်နှင့် အခွန်ဆိုင်ရာ အငြင်းပွားမှု စုံစမ်းဖြေရှင်းပေးရေး အရာရှိ (Inspector-General & Taxation Ombudsman (IGTO)) ဆိုသည်မှာ သြစတြေးလျှနိုင်ငံတော် အခွန်ရုံး (Australian Taxation Office (ATO)) နှင့် အခွန်ဆိုင်ရာ အလုပ်များကို လုပ်ကိုင်ကြသူများ၏ ဘုတ်အဖွဲ့ (Tax Practitioners Board (TPB)) တို့၏ ခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် သင်၏ တိုင်ကြားချက်များကို ကူညီဖြေရှင်းပေးရန်တာဝန်ရှိသည့် အချုပ်အချယ်ကင်းလွတ်မှုရှိသော ဗဟိုအစိုးရ ကိုယ်စားလှယ်အဖွဲ့အစည်းဖြစ်သည်။

1300 44 88 29
(ဒေသအတွင်း ဖုန်းခေါ်ခ)

ကျွန်ပ်တို့က သင့်အား မည်ကဲ့သို့ ကူညီနိုင်သနည်း

သင့်အား သင်၏ တိုင်ကြားချက်များကို ကူညီ၍ ကိုင်တွယ်ဖြေရှင်းပေးရန် အချုပ်အချယ်ကင်းသော အထူးသီးသန့် အခွန်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို အခမဲ့ ဆောင်ရွက်ပေးပါသည်။

'ခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှု' ဆိုသည်မှာ အဝန်းကျယ်ပြောသော အသုံးအနှုန်းဖြစ်ပြီး ATO သို့မဟုတ် TPB က သင့်အပေါ် ဆက်ဆံခြင်းများ သို့မဟုတ် သင်နှင့် တုံ့လှယ်ခြင်းများအပေါ် တရားမျှတမှုရှိခြင်းနှင့် ကျိုးကြောင်းဆီလျော်မှုရှိခြင်းကို ယေဘုယျအားဖြင့် ဆိုလိုပါသည်။

IGTO က သင့်အား ကူညီနိုင်ပုံ၏ ဥပမာများမှာ အောက်ပါတို့ ပါဝင်ကြပြီး ယင်းအချက်တို့သာဖြစ်ရမည်ဟု ကန့်သတ်မထားပါ။

- သင့်တောင်းဆိုချက်များကို အချိန်မီ တုံ့ပြန်ခြင်း
- ATO သို့မဟုတ် TPB အရာရှိများ၏ ကျင့်ကြံပြုမှုမှုများ
- အွန်လိုင်း ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း

www.igt.gov.au

- ATO သို့မဟုတ် TPB ၏ လုပ်ကိုင်ဆောင်ရွက်မှုများကို အာမခံခြင်း သို့မဟုတ် လုံလောက်စွာ ရှင်းပြခြင်း
- ATO သို့မဟုတ် TPB ၏ လုပ်ကိုင်ဆောင်ရွက်မှုများက ၎င်းတို့၏ မူဝါဒများနှင့် လုပ်ထုံးများဖြင့် ကိုက်ညီမှုရှိသည်ကို သေချာစေခြင်း နှင့်
- ATO သို့မဟုတ် TPB က သင်နှင့် တရားမျှတစွာ၊ ပွင့်လင်းမြင်သာစွာ ဆက်ဆံခြင်းကိုလည်းကောင်း၊ စာရင်းစစ်ရာ၌နှင့် စုံစမ်းစစ်ဆေးရာ၌တို့အပါအဝင် သင် တင်ပြသည့် သက်ဆိုင်ရာ အချက်အလက်များကို ထည့်သွင်း စဉ်းစားပေးခြင်းကိုလည်းကောင်း၊ သေချာစေခြင်းတို့ဖြစ်ပါသည်။

အကယ်၍ သင့်အနေနှင့် ကျွန်ုပ်တို့က သင့်အား ကူညီနိုင်မည် သို့မဟုတ် မကူညီနိုင်မည်ကို မသေချာလျှင် ကျေးဇူးပြု၍ ကျွန်ုပ်တို့အား ဆက်သွယ်ပါ။

အကယ်၍ ကျွန်ုပ်တို့က သင့်အား တိုက်ရိုက် ကူညီနိုင်စွမ်းမရှိလျှင်လည်း သင့်အား ကူညီနိုင်မည့် အသင့်တော်ဆုံးသော အဖွဲ့အစည်း သို့မဟုတ် အစည်းအရုံးနှင့်ပတ်သက်၍ အတတ်နိုင်ဆုံး အကြံဉာဏ်ပေးပါမည်။

GPO Box 551, Sydney NSW 2001

တိုင်ကြားချက် လုပ်ငန်းစဉ်

ကျွန်ုပ်တို့၏ ရုံးသို့ သင်၏ တိုင်ကြားချက်ကို လျှောက်တင်ရန် "ကျွန်ုပ်တို့အား မည်ကဲ့သို့ ဆက်သွယ်ရမည်နည်း" (How to contact us) ကဏ္ဍ၌ကြည့်ပါ။

သင် ကျွန်ုပ်တို့ထံသို့ တိုင်ကြားချက် ဖွင့်ပြီးနောက် IGTO စုံစမ်းရေးအရာရှိတစ်ဦးက သင့်တိုင်ကြားချက်ကို အသိအမှတ်ပြုပြီး ၎င်းကို သင်နှင့်အတူဆွေးနွေးရန် သင့်အား ရုံးဖွင့်ရက် ၂ ရက်အတွင်း ဆက်သွယ်ပါလိမ့်မည်။

အကယ်၍ ကျွန်ုပ်တို့က သင့်တိုင်ကြားချက်ကို ကိုင်တွယ်ဖြေရှင်းပေးရန်ဖြစ်နိုင်ပါက သင့်အား တိုက်ရိုက်ကူညီပါမည်။

ကျွန်ုပ်တို့အနေနှင့် သင့်တိုင်ကြားချက်ကို ပို၍ နားလည်သဘောပေါက်ပြီး သင့်အား မည်ကဲ့သို့ အကောင်းဆုံးကူညီနိုင်မည်ကို ဖော်ထုတ်ရန်အတွက် သင်၊ ATO သို့မဟုတ် TPB တို့ထံမှ နောက်ထပ် အချက်အလက်များကို လိုအပ်နိုင်ဖွယ်ရှိပေမည်။

ကျွန်ုပ်တို့က သင့်အား ကျွန်ုပ်တို့ လုပ်ငန်းစဉ်၏ တိုးတက်နေမှုကို အချိန်နှင့် တစ်ပြေးညီ အသိပေးသွားနေမည်ဖြစ်ပြီး၊ ထိုအချိန်ကာလတစ်လျှောက်လုံး ကျွန်ုပ်တို့စုံစမ်းစစ်ဆေးနေမှု၏ သတ်မှတ်ကာလများကို တင်ပြသွားနေမည်ဖြစ်ပါသည်။

ကျွန်ပ်တို့အား မည်ကဲ့သို့ ဆက်သွယ်ရမည်နည်း

www.igt.gov.au

1300 44 88 29
(ဒေသအတွင်း ဖုန်းခေါ်ခ)

GPO Box 551
Sydney NSW 2001

အကယ်၍ သင့်တိုင်ကြားချက်ကို အင်္ဂလိပ်ဘာသာစကားနှင့် မဟုတ်ဘဲ အခြားဘာသာစကားဖြင့် လျှောက်တင်လိုပါက၊ ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု အဖွဲ့အစည်း (Translating and Interpreting Service (TIS)) ကို **131 450** ၌ ဖုန်းဆက်ပါ။

အကယ်၍ သင့်ထံ၌ အကြားအာရုံဆိုင်ရာ သို့မဟုတ် စကားပြောဆိုခြင်းဆိုင်ရာ ချွတ်ယွင်းမှုရှိပြီး သင့်လျော်ရာ တယ်လီ တိုက်ပရိုက်တာ (TTY) သို့မဟုတ် မိုဒန် ကိရိယာကို ရယူအသုံးပြုနိုင်စွမ်းရှိလျှင် **13 36 77** ကို ဖုန်းဆက်ပါ။

အကယ်၍ သင်သည် တယ်လီ တိုက်ပရိုက်တာ (TTY) သို့မဟုတ် မိုဒန် ကိရိယာကို ရယူအသုံးပြုနိုင်စွမ်း မရှိလျှင် စကားပြောရန် အခက်အခဲရှိသူများအတွက် တစ်ဆင့်ပြန် စကားပြောပေးသည့် ဝန်ဆောင်မှု (Speech to Speech Relay Service) အဖွဲ့အစည်းကို **1300 555 727** ၌ ဖုန်းဆက်ပါ။